

# လူ အများနှင့် သက်ဆိုင်သော ပုဂ္ဂိုလ် ဖြစ်ပါ

ကြင်နာပြီး၊ မေတ္တာကရုဏာတရား ကြီးမားသော ပြုမူ ဆောင်ရွက်မှုသည် မကြာခဏဆိုသလို ယင်း၏ ဆုလဒ် ကိုယ်တိုင် ဖြစ်နေတတ်သည်။

– **William J.Bennett**

## မေတ္တာဖြင့် ပြည့်နေသော ဂျက်စီ၏ လက်အိတ်

(**Jesse's Glove Full of Love**)

ကျွန်ုပ်သည် နှစ်စဉ် (**Circle K Corporation** )ဟုခေါ်သည့် သက်သာလွယ်ကူစွာ ဝယ်ယူနိုင်သည့် စတိုးဆိုင်ခွဲများ ပိုင်ဆိုင်သည့် အမေရိကန် ကုမ္ပဏီတစ်ခုအတွက် စီမံ ခန့်ခွဲမှုသင်တန်းများစွာကို လုပ်ပေးရသည်။ကျွန်ုပ်တို့၏ ဆွေးနွေးပွဲများတွင် ကျွန်ုပ်တို့ ဦးတည်ဆွေးနွေးသည့် ခေါင်းစဉ်များအနက်တစ်ခုမှာ အရည်အချင်းရှိသော အလုပ်သမားများကို မည်သို့ ထိန်းသိမ်းထားရမည်ဆိုခြင်းပင်ဖြစ်သည်။ ဝန်ဆောင်မှုလုပ်ငန်းအတွင်း၌လစာနှုန်းထားကို စဉ်းစားသောအခါ၌ ယင်းက မန်နေဂျာများအတွက် တကယ့်စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ ဤဆွေးနွေးမှုများ လုပ်နေစဉ်အတွင်း ကျွန်ုပ်က ပါဝင်ဆွေးနွေးသူများကို “မန်နေဂျာ တစ်ယောက် ဖြစ်လာရန် သင့်အား မည်သည့်အရာက ဤမျှကြာမြင့်စွာ ဤနေရာ၌ ရှိနေစေခဲ့ပါသနည်း?”ဟုမေးမြန်းခဲ့သည်။ အနောက်ပိုင်းတစ်နေရာ၌ထိုင်နေသော မန်နေဂျာအသစ်တစ်ဦးက ဤမေးခွန်းကို ဖြည်းညှင်းစွာ သူမ၏ ကွဲအက်လုနီးပါးအသံဖြင့် ပြောသည်မှာ “(၁၉)ဒေါ်လာတန် ဘေ့(စ)ဘော လက်အိတ်ပါ”

စင်သီရာက အဖွဲ့ကို ပြောပြသည်မှာ သူမသည် မူလက ပိုမိုကောင်းမွန်သော အလုပ်တစ်ခုမရမီ ကြားကာလအတွင်း၌သာ (**Circle K Corporation** )တွင် စာရေးအဖြစ် ဝင်ရောက် လုပ်ကိုင်ရန်ရည်ရွယ်ခဲ့ပါသည်။ အလုပ်ဝင်ပြီး ဒုတိယနေ့ (သို့)တတိယနေ့၌ သူမသည် ကောင်တာအနောက်၌ရှိနေစဉ် သူမ၏ (၉) နှစ် အရွယ် သားငယ်ဂျက်စီထံမှ ဖုန်းလာပါသည်။သူသည် အသင်းငယ်လေးတစ်ခု၌ ကစားရန် ဘေ့(စ)ဘောလက်အိတ်တစ်ခု လိုချင်နေ၍ သူမက ဤသို့ရှင်းပြခဲ့ပါသည်။တစ်ကိုယ်ရည်တစ်ကာယ မိခင်တစ်ဦးအနေဖြင့် ငွေကြေးကျပ်တည်းပြီး သူမ၏ ပထမလစာ ချက်လက်မှတ်မှာ ပေးစရာငွေများကိုပေးချေရန်အတွက် ဖြစ်ပြီး ဒုတိယနှင့်တတိယလစာချက်လက်မှတ်များဖြင့်သာ ဘေ့(စ)ဘောလက်အိတ်ကို ဝယ်ပေးနိုင်ကောင်း ဝယ်ပေးနိုင်မည်ဖြစ်ကြောင်း ပြောခဲ့ပါသည်။

နောက်တစ်နေ့နံနက်တွင် စင်သီရာအလုပ်တက်ရန် ရောက်လာသောအခါ သူမ၏ စတိုးဆိုင်မန်နေဂျာ ပက်ထရစ်ရှာက သူမအား စတိုးဆိုင်အနောက်ဘက်ရှိ ရုံးခန်းအဖြစ်အသုံးပြုသည့် အခန်းငယ်လေးအတွင်းသို့ လာခိုင်းပါသည်။ သူမ မည်သည့်အမှားအယွင်း လုပ်ခဲ့ပါသနည်း (သို့) ယမန်နေ့က မပြီးစီးခဲ့သည့် အလုပ်များရှိပါသလားဟု စင်သီရာသည် တွေးတောနေလျက် ထိုအကြောင်းအရာနှင့်ပတ်သက်၍ စိတ်ရှုပ်နေခဲ့ပါသည်။

ပတ်ထရစ်ရှာသည်သူမကို ဗူးတစ်ဗူးကမ်းပေးလိုက်ခါ “မနေ့က ရှင့်သားနဲ့စကားပြောနေတာကို ကျွန်မ နားစွန်နားဖျားကြားလိုက်တယ်။ ပြီးတော့ ဒီကိစ္စမျိုးကလည်း ကလေးတွေကို ရှင်းပြဖို့ ခက်တယ်ဆိုတာကို ကျွန်မသိပါတယ်”ဟု ပြောပါသည်။ “ဒီဟာက ဂျက်စီအတွက် ဘေ့(စ)ဘောလက်အိတ်ပါ။ ရှင်ဘေ့(စ) ဘောလက်အိတ်မဝယ်နိုင်ခင် ရှင့်ဆီမှာ ပေးချေစရာတွေရှိနေသေးသည့်တိုင် သူဟာဘယ်လောက်အရေးကြီးမှန်း သူမသိသေးတဲ့အတွက်ကြောင့်ပါ။ ရှင်သိလား။ ကျွန်မတို့ဟာ ရှင့်လိုတော်တဲ့လူတွေကို လစာငွေကောင်းကောင်း ပေးချင်သလောက် မပေးနိုင်ခဲ့ပါဘူး။ ဒါပေမယ့် ကျွန်မတို့ဟာ ဂရုစိုက်နေပြီး ရှင်ဟာ ကျွန်မတို့အတွက် ဘယ်လောက်အရေးကြီးမှန်း သိစေချင်လို့ပါ”

ဤစတိုးဆိုင်မန်နေဂျာမှ ကွက်ကွက်ကွင်းကွင်း သရုပ်ပြသွားသည့် ထောက်ထား ညှာတာမှု၊ စာနာမှုနှင့်မေတ္တာတို့မှာ လူတို့အနေနှင့် အလုပ်ရှင်မှ သူတို့ကို မည်မျှ ပေးသည်ထက် သူတို့ကို မည်မျှဂရုစိုက်သည်ကိုသာ သတိရကြောင်း ပေါ်လွင် စေခဲ့ပါသည်။ ယင်းမှာ ဘေ့(စ)ဘောလက်အိတ်၏ တန်ဖိုးနှင့်ပတ်သက်သည့် အရေးအကြီးဆုံး သင်ခန်းစာပင်ဖြစ်သည်။

-**Rick Phillips**

ကျွန်ုပ်တို့၏လမ်းခရီးကို ကူညီမစမှုပေးရန်
အနည်းငယ်မျှသော နှစ်သိမ့်စကား
ကျွန်ုပ်တို့၏နေ့ရက်များ တောက်ပစေရန်
စိုးရိမ်ကြောင့်ကြမှုလျော့ပါးရန်အနည်းငယ်မျှသော
ကြင်နာသည့် ပြုမူချက်
ဤသို့သော ပြုမူချက်များသည်တန်ဘိုးနည်းသော်လည်း များစွာ အကျိုးသက်ရောက်မှုရှိပါသည်။

- **Francis Gay**

ခေါင်းဆောင်ကောင်းတစ်ယောက်၊ ကောင်းသော အလုပ်ရှင်တစ်ဦးဖြစ်ဖို့ရန်နှင့် လူအများကို ဂရုစိုက်၍ သူတို့အပေါ်စောင့်ရှောက်ကြည့်ရှုရန် သင်၌ ကြီးမားသော ကရုဏာရှိဖို့လိုပါသည်။ သင်သည် လူအများ လိုအပ်သည့် အရာကိုနားလည်ပြီး ပံ့ပိုးပေးရန် ကြိုးစားရပါမည်။ သူတို့၏ ဝမ်းမြောက်ခြင်းနှင့် ပျော်ရွှင်ခြင်းတို့ကိုသာမက သူတို့၏ ထိခိုက်နာကျင်မှုနှင့်ဝေဒနာတို့ကိုလည်း ခံစားရမည်။ သင့်အနေနှင့် အလွန့်အလွန် ပါဝင်ပတ်သက်ခြင်းဖြင့် သင်၏နှလုံးသား ထိခိုက် ကြေကွဲခြင်းဖြစ်မည်ကို သိနေရလင့်ကစား သင်သည် ထိုအရာများကို သိချင်လိုစိတ်ရှိရပါမည်။

သင်အမှန်တကယ် ဂရုစိုက်လျှင်၊ ပါဝင်ပတ်သက်ခဲ့လျှင် ယင်းကို သူတို့ သိလာပါလိမ့်မည်။ သင်သူတို့ကို ဂရုစိုက်သော ကြောင့် သူတို့သည် ကြီးမားသော အရာများကို ဆွတ်ခူးရရှိရန်သင်နှင့် အတူ အလုပ်လုပ်လိုကြပြီး အတူတကွများစွာ ခရီးတွင်ကြ ပါလိမ့်မည်။

လူအများသည် စစ်မှန်သောမေတ္တာကို ငတ်မွတ်ကြပါသည်။ သူတို့သည် စစ်မှန်သော မေတ္တာကို အလွန်မြင်ခဲကြသလို ပို၍ပင် ခံစားခဲကြရသည်။အကယ်၍ တစ်စုံတစ်ယောက်က သူတို့အား အမှန်တကယ် ဂရုစိုက်သည်ဟု တွေ့မြင်လာခဲ့လျှင် သူတို့အတွက် အကျိုးတရားသည် ထိုသူ၏ နှလုံးသားထဲ၌ အမှန်တကယ်ရှိခဲ့လျှင် သူတို့သည်သူ့အတွက်ခရီးဝေးစွာသွားပေးကြလိမ့်မည်ဖြစ်ပြီး သူတို့၏ အကောင်းဆုံးအရာများကိုလည်း ပေးကြပါလိမ့်မည်။

သို့သော် သင့်အတွက် ကောင်းစွာလုပ်ဆောင်ပေးရန်အတွက် လူများကို သင်ဂရုစိုက်၍ မရနိုင်ပါ။ ဘုရားသခင်သည် သူတို့နှင့်ပတ်သက်၍ ဂရုစိုက်သောကြောင့်သာ သင့်အနေနှင့်လည်း သူတို့ကို ဂရုစိုက်ရမည်ဖြစ်သည်။ သူသည် သင့်အား ဂရုစိုက်သည်ဆိုခြင်းက သင့်ဘဝအသက်တာကို မထူးခြား လာစေသလော? ထို့ကြောင့် သင်၏ ဘဝအသက်တာ၌ သင်သည် သူ၏ ချစ်ခြင်းမေတ္တာကို ခံစားရခြင်းက ထိုမေတ္တာကို သင့်အား အခြားသူတို့ထံ လက်ဆင့်ကမ်းပေးလိုစိတ် ဖြစ်လာစေသည်။

- **David Brandt Berg**